

# ရီမိမိခိုင်

## ဝဝါးရစ်လို့မသွားပါနဲ့

〉သရုပ်ဖော်ပန်းချီ ဝဏ္ဏဟန်〈

# အခန်း (၁)

သီတဂူခြံ တစ်ဝန်းလုံးကို သင်းပျံ့မွှေးထုံလှသော ကံကော်ပန်းရနံ့တွေက လွှမ်းခြုံထား နေ၏။

ဤသင်းပျံ့မွှေးထုံနေသောရနံ့တွေကို ဖြန့်ဝေပေးနေသည့် အုပ်အုပ်ဆိုင်းဆိုင်း ကံ့ကော်ပင် ကြီးအောက်တွင် ရှိနေသည့်အမျိုးသမီးနှစ်ဦးအနက် ပျိုမျစ်နုငယ်၍ လှပသော သူကလေးသည် တံချူတံကလေး တစ်ခုကို လက်ကကိုင်ကာ ခေါင်းကလေး တစ်မော့မော့နှင့် ကံ့ကော်ပွင့်တွေကို ချူချနေ၏။

ကျန်တစ်ဦးဖြစ်သော အသက်အရွယ်ခပ်ကြီးကြီး အမျိုးသမီးကြီးကတော့ ကြိမ်ထိုင်ခုံတစ်ခု တွင်ထိုင်ကာစွင့်စွင့်ကားကားနှင့် အစွမ်းကုန်လှပနေသော ကံ့ကော်ပွင့်ထွားထွားကြီးတစ်ပွင့်ကို လက်တွင်ကိုင်ကာ ကြည့်နေရာမှ မျက်လုံးများကိုမှိတ် ဆတ်ခနဲငုံ့ကာနမ်းလိုက်သည်။

အလွန်ကျေနပ်အားရနေဟန်ဖြင့် မျက်လုံးများကိုပြန်ဖွင့်လိုက်သည့်အခါတွင်တော့ ထိုအမျိုးသမီးကြီးသည် သူ့ထံသို့ တန်းတန်းမတ်မတ်လျှောက်လာသူ တစ်ဦးကိုတွေ့မြင် လိုက်သည်။

''ဟင်...''

တစ်ကိုယ်လုံး သိမ့်ခနဲ နေအောင်တုန်လှုပ်သွားပြီး သူသည် သူ့ထံသို့နီးကျပ်လာနေသူကို မျက်လုံးများပြူးထွက်၍ မှင်တက်မိသည်သို့ကြည့်နေသည်။

တစ်ရွေ့ရွေ့နှင့် သူ့ရှေ့သို့ရောက်လာသော လူရွယ်၏ ခြေများသည် တန့်ခနဲ ဖြစ်သွား ကြသည်။ လူရွယ်သည် အလွန်ရည်မွန်လှသော အပြုံးဖြင့် အမျိုးသမီးကြီးကိုကြည့်ပြီးယဉ်ကျေး သိမ့်မွေ့စွာ မေးမြန်းလာသည်။

"ဒေါ်ဒေါ်က ဒေါ်မေဦးခင်ပါလားခင်ဗျာ"

ဒေါ်မေဦးခင်သည် သူ့ရှေ့က လူရွယ်ကိုကြည့်ပြီးဝမ်းနည်းစိတ်များ ရင်ထဲတွင် ပြင်းထန်လာ၏။

"မင်း....မင်း...ဘယ်သူလဲ ဟင်၊ မေဦးခင်ဆိုတာ ဒေါ်ဒေါ်ပဲ"

"ဝမ်းသာလိုက်တာ ဒေါ်ဒေါ်ရယ်၊ ဒေါ်ဒေါ် ကိုမြင်ကတည်းက ကျွန်တော့် ဒေါ်ဒေါ်ပဲဆိုတာ အလိုလိုသိနေမိတယ်၊ ဒေါ်ဒေါ်က ဖေဖေနဲ့ သိပ်တူတာပဲဗျာ"

အားတက်သွားသော လူရွယ်၏ မျက်နှာသည် ရွှင်မြူး၍ လာ၏။

"ဒေါ်ဒေါ် ကျွန်တော့်က ဦးခမ်းမော်ရဲ့သား မျိုးဆက်မော်ပါ ဒေါ်ဒေါ်"

"မင်း...မင်း... ကိုကို့သား၊ ကိုခမ်းမော်ရဲ့သား ဟုတ်လားဟင်"

အမျိုးသမီးကြည့်သည် ကိုယ်ကို ရှေ့သို့ကိုင်း၍ လက်နှစ်ဖက်က ကြိမ်ထိုင်ခုံလက်ရန်းကို တအားဆုပ်ကိုင်ထားနေ၏။

"ဟုတ်ပါတယ် ဒေါ်ဒေါ်၊ ကျွန်တော် ဦးခမ်းမော်ရဲ့သားပါ"

"ကိုကို ...ကိုကိုခမ်းမော်ကော ခုဘယ်မှာလဲ၊ သူဘယ်မှာလဲ"

လူရွယ်၏ မျက်နှာသည် ရုတ်ခြည်းညှိုးကျသွား၏။

"ဖေဖေ ဆုံးသွားပါပြီ ဒေါ်ဒေါ်၊ ခုဆိုရင် လေးနှစ်တောင်ရှိနေပါပြီ"

လူရွယ်၏ စကားကိုကြားရသောအခါ ဒေါ်မေဦးခင်သည်ရင်ထဲတွင် အောင့်ခနဲနေအောင် ခံစားလိုက်ရသည်မို့ သူ့ရင်ဝကို လက်နှစ်ဖက်ဖြင့် ဖိလိုက်သည်။

ယိုင်ထိုး၍ လဲကျတော့မယောင်ဖြစ်နေသော ဒေါ်မေဦးခင်ကို မျိုးဆက်မော်က အလျင်အမြန် ထိန်းပွေ့ထားလိုက်သည်။

"ဒေါ်ဒေါ်...ဒေါ်ဒေါ် ...သတိထားပါဗျာ"

"အို...မေမေ မေမေ...ဘာဖြစ်သွားတာလဲ"

ကံ့ကော်ပန်းတွေကိုသာ မက်မက်မောမောကြီး ဆွတ်ချူနေသော မိန်းမလှကလေးသည် တစ်ချက်တွင် သူ့မိခင်ထံသို့လှည့်ကြည့်ပြီး တစ်စုံတစ်ခုကိုပြောမည့်ဟန်ပြုလိုက်သည်တွင် မိခင်၏ အဖြစ်အပျက်များကို တွေ့လိုက်ရသည်။

သူသည် လက်ထဲက တံချူတံကိုပစ်ချပြီး မိခင်ထံသို့စိုးရိမ်ပူပန်မှုကြီးစွာဖြင့် ရောက်ရှိ လာသည်။

"မေမေ…မေမေ…ဘယ်လိုဖြစ်တာလဲ၊သတိထားပါဦး မေမေရေ"

"ဒေါ်ဒေါ် သိပ်စိတ်ထိခိုက်သွားတယ် ထင်တယ် ဒေါ်ဒေါ့်ကို သက်တောင့် သက်သာထား လိုက်ရင် ကောင်းမယ်ညီမ"

"မေ..မေမေ့ကို အိမ်ထဲ ပို့ပေးကြပါကွယ်"

မျက်နှာစိမ်း လူရွယ်၏ မျက်နှာကို တွေ့ခနဲတစ်ချက်ကြည့်ပြီး မိန်းကလေးက သူ့မိခင်ကို တွဲယူလိုက်သည်။

"ဒေါ်ဒေါ်လျှောက်နိုင်ရဲ့လား၊ ကျွန်တော် ပွေ့ချီသွားပေးမယ်လေ"

"နေ…နေပါသားရယ်၊ မေမေ့ကို သားနဲ့သမီးတွဲပဲ ခေါ်သွားကြပါ"

မျိုးဆက်မော်သည် မိန်းမပျိုကလေးနှင့် တစ်ဖက်တစ်ချက်စီ ဒေါ်မေဦးခင်ကို တွဲကာ ကံ့ကော်ပင်ကြီး အောက်မှာဖြည်းညင်းစွာ ခေါ်ဆောင်လာခဲ့ကြသည်။

ခေတ်မီ၍ လှပသော တိုက်ကြီး၏ ခံ့ညားထည်ဝါသော ဧည့်ခန်းဆောင်သို့ရောက်သောအခါ ဒေါ်မေဦးခင်သည် အသင့်ခင်းထားသော ဒရင်းဘက်ပေါ်တွင်အသာ ထိုင်ချလိုက်သည်။

မိန်းမပျိုကလေးက သူ့မိခင်၏ ခြေထောက်နှစ်ဖက်ကို ဒရင်းဘက်ပေါ်သို့ အသာတင်ပေး လိုက်ပြီးခြုံစောင်ကလေးကို ခါးလည်အထိ လွှမ်းခြုံပေးလိုက်သည်။

"မေမေ... သမီး ဆေးသွားယူလိုက်ဦးမယ်နော်"

ဒေါ်မေဦးခင်သည် ခေါင်းကို ဆတ်ခနဲညိတ်ပြပြီး မျက်ရည်ပြည့်လျှံနေသော မျက်ဝန်းများ ဖြင့်သူ့ကိုစိုးရိမ်ကြောင့်ကြစွာ ငုံ့ကြည့်နေသော မျိုးဆက်မော်ကိုကြည့်လိုက်သည်။

"ထိုင်လေသား"

"ဒေါ်ဒေါ် နေမကောင်းဘူးလား ဆရာဝန်ပင့်လိုက်ရင်ကောင်းမလား ဟင်"

"ဆရာဝန်ပေးထားတဲ့ ဆေးရှိပါတယ်၊ သမီးလေး သွားယူနေပါတယ်"

မျိုးဆက်မော်သည် ဒေါ်မေဦးခင်နှင့်အနီးဆုံးထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။

ထိုစဉ်မှာပဲ လင်ပန်းကလေးတစ်ချပ်ကို ကိုင်ကာဒေါ်မေဦးခင်၏ အနီးသို့ မိန်းမပျိုကလေး ပြန်လည်ရောက်ရှိလာ၏ ။

"မေမေ ဆေးသောက်ရအောင်နော်"

ကြင်နာယုယခြင်းများစွာဖြင့် မိန်းမပျိုကလေးသည် ဒေါ်မေဦးခင်ကို ဆေးတိုက် ကျွေးလိုက်သည်။

"သူ့ကို ဒေါ်ဒေါ်ကသမီးတဲ့၊ ဒါဆိုသူလေးက ငါ ညီမလေးပဲပေါ့၊ ဝမ်းသာစရာ ကောင်းလိုက်တာ၊ငါတစ်ကောင်ကြွက်မဟုတ်တော့ဘူး၊ငါ့မှာ ဆွေနဲ့မျိုးနဲ့ ငါ့မှာချစ်ရခင်ရမယ့်သူ တွေနဲ့၊ အို...ငါပျော်လိုက်တာ"

"သူ့ အဒေါ်၏ ဘေးတွင် ရပ်နေသော မိန်းမပျိုကလေးကို မျိုးဆက်မော်သည် ကျေနပ်အားရခြင်း ဝမ်းမြောက် ဝမ်းသာခြင်းတို့ဖြင့် လဲ့ရွှန်းနေသော မျက်ဝန်းများဖြင့် ကြည့်နေ၏ ။"

မိန်းမပျိုကလေးသည် သူ့ကိုမကြည့်သလို မျက်နှာကလေး

ရှုတည်တည်ထား၍ နေ၏ ။

"သမီးလေးသက်မာ၊ ဒါ သမီးဘဘကြီး ဦးခမ်းမော်ရဲ့သား၊ သမီးရဲ့ကိုကိုကြီးလေ၊ သူက ကိုကိုကြီးနဲ့တူလိုက်တာကွယ်၊သူ့ကို မတွေ့လိုက်ရတော့ မေမေ ကိုကိုကြီးကို မေမေပိုသတိရလာမိတယ်"

"အို..မငိုပါနဲ့ မေမေရယ်"

စကားပြောရင်း ဝမ်းနည်းစိတ်ပိုလာကာ ငိုရှိုက်လာသော မိခင်ဖြစ်သူကို သက်မာက ဖက်ထားပြီး နှစ်သိမ့်လိုက်သည်။

သူ့ထံသို့တစ်ချက် ဝင့်ကြည့်လိုက်သော သက်မာ၏ မျက်ဝန်းများက သူ့ကို အပြစ်တင်နေ သယောင်ရှိနေ၍ မျိုးဆက်မော်သည် ကိုယ်ကို ရှေ့သို့ကိုင်းလိုက်ပြီး ဒေါ်မေဦးခင်၏ လက်ကိုအသာဆုပ်ကိုင်လိုက်သည်။

မငိုပါနဲ့ ဒေါ်ဒေါ်ရယ်၊ ကျွန်တော်လာလို့ ဒေါ်ဒေါ်စိတ်ဆင်းရဲတယ်ဆိုရင် ကျွန်တော် တောင်းပန်ပါတယ်။

"အို...အို မဟုတ်ရပါဘူးကွယ်၊ ဒေါ်ဒေါ့်တူလေးကြောင့် စိတ်ထိခိုက်ရတာ မဟုတ်ပါဘူး"

ဒေါ်မေဦးခင်သည် ရှေ့သို့စကားမဆက်နိုင်သေးဘဲ ရှိုက်နေ၏ ။

"ကျွန်တော် ဒေါ်ဒေါ့်ကို တွေ့ရတာ သိပ်ဝမ်းသာတယ်၊ ဒီလိုတွေ့နိုင်ဖို့ ကြိုးစားလာခဲ့တာလဲ ကြာပါပြီ၊ မေမေက တားထားနေလို့ ခုမှကျွန်တော် ဒေါ်ဒေါ်တို့ဆီ၊ ရောက်လာနိုင်ခဲ့တာပါ"

"မင်း အမေငြိမ်းကော ခုဘယ်မှာလဲ"

"မေမေလဲ တိမ်းပါးသွားပါပြီ ဒေါ်ဒေါ်"

မျိုးဆက်မော်သည် အဒေါ်ဖြစ်သူ၏ လက်ကိုတင်းကျပ်စွာ ဆုပ်ကိုင်၍ ခေါင်းငုံ့ကျကာ ပြောလိုက်သည်။

"သြော်..ငြိမ်းလဲ ဆုံးရှာပြီကိုး"

"ဟုတ်ပါတယ် ဒေါ်ဒေါ်၊ ဒါကြောင့်မို့လဲ ဒေါ်ဒေါ့်ကို ကျွန်တော်အရှာထွက်နိုင်တာပါ၊ မေမေက ဖေဖေ့ဆန္ဒအတိုင်း ဖေဖေ့အကြောင်းတွေကိုသိပ်လျှို့ဝှက်ထားနိုင်ခဲ့ပါတယ်၊ ကျွန်တော့်မှာ ကျွန်တော့်အဖေဟာ ဘယ်အမျိုးအနွယ်က ဆင်းသက်လာတယ်၊ ဒီနေ့အထိ ရေရေရာရာ မသိခဲ့ရသေးပါဘူး ဒေါ်ဒေါ်၊ ဖေဖေ့မှာ ညီမတစ်ယောက် ရှိတယ်ဆိုတာတောင် မေမေ ဆုံးခါနီး လေးမှ ပြောပြသွားလို့ ကျွန်တော်သိရတာ ပါ၊ ဒီစကားတစ်ခွန်း မေမေပြောပြသွားခဲ့လူ့ ကျွန်တော်အားတက်ခဲ့ရပါတယ် ဒေါ်ဒေါ်၊ ကျွန်တော် ဒီလောကထဲမှာ တစ်ကောင်ကြွက် တစ်မျက်နှာ မဟုတ်ဘူး၊ ငါ့မှာအဒေါ်ရှိတယ်၊ ဒီအဒေါ်ကို တွေ့အောင်ရှာမယ်ဆိုပြီး ဒေါ်ဒေါ့်ဆီကို ရောက်လာခဲ့ရတာ ပါ"

"အို...သားရယ်"

ဒေါ်မေဦးခင်သည် မျိုးဆက်မော်၏ လက်များကို ပြန်လည်ဆုပ်ကိုင်ပြီး သူ့ရင်တွင် ကပ်ထားလိုက်သည်။

"ကိုကို..ကိုကို တော်တော့်ကို လျှို့ဝှက်နိုင်ခဲ့တာပဲ အင်းလေ သူက..."

ဒေါ်မေဦးခင်သည် မျက်စိကို တင်းကျပ်စွာ မှိတ်၍ အသက်ကို ရှူရှိုက်လိုက်သည်။

မျိုးဆက်မော်သည်၊ အဒေါ်ဖြစ်သူ၏ မျက်နှာကို ညှိုးငယ်စွာကြည့်၍ နေသည်။

သူတို့ တူအရီး နံဘေးတွင် သက်မာလေးလည်း ငူငူကလေး ဖြစ်နေ၏ ။

"သားလေး"

"ဗျာ..ဒေါ်ဒေါ်"

"မင်းအတွက် ဒေါ်ဒေါ်မှာ တာဝန်ရှိလာပြီ၊ မင်းဘာလုပ်ချင်သလဲ၊ မင်းကို ဒေါ်ဒေါ်ဘာလုပ် ပေးရမလဲ"

"ဒေါ်ဒေါ်ရယ် ခုလိုဒေါ်ဒေါ် ဆွေမျိုးသားချင်းရယ်လို့ ကျွန်တော့်ကို အသိအမှတ်ပြု လိုက်တာ၊ ကျွန်တော် သိပ်ဝမ်းသာရပါတယ်၊ ကျွန်တော့်ဘဝအတွက် ဒီလောက်နဲ့ပဲ ပြည့်စုံသွားပါပြီ၊ ဒေါ်ဒေါ့်ဆီက ကျွန်တော်ဘာမှ မလိုချင်ပါဘူးဗျာ"

"အို… မဟုတ်တာ ကိုကိုမွေးတဲ့ သားကဒေါ်ဒေါ့်သွေး ဒေါ်ဒေါ့်သားပဲ၊ မင်းဘဝအတွက် ကြီးပွားတိုးတက်မှုတွေကို လုပ်ပေးရမှာ ဒေါ်ဒေါ့်တာဝန်ပဲ၊ မင်း ပညာရေး အခြေအနေဘယ်လိုလဲ ဒေါ်ဒေါ့်ကို အဲဒါပြော"

"စိုက်ပျိုးရေး နောက်ဆုံးနှစ်ကိုဖြေပြီးမှ ဒီကိုထွက်ခဲ့တာပါ ဒေါ်ဒေါ်"

"အို…ကြည့်စမ်း ဘွဲ့တောင်ရတော့မှာကိုး၊ ဝမ်းသာလိုက်တာကွယ် ဒေါ်ဒေါ်ဝမ်းသာ လိုက်တာကွယ် ဒါဆို ဒေါ်ဒေါ့်ဆီမှာ နေပြီးမင်းဘာဆက်လုပ်ချင်လဲ လုပ်ပေတော့"

"ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ်"

"ကဲ..သမီးရေ သမီးကိုကိုလဲ ထမင်းစားရအောင် ဒေါ်ကြွယ်ကို သွားပြင်ခိုင်းလိုက်"

"ဟုတ်ကဲ့ မေမေ"

သိမ်မွေ့စွာ ထွက်ခွာသွားသောညီမငယ်ကို မျိုးဆက်မော်သည် ငေး၍ ကြည့်နေမိ၏။

"မင်းညီမလေးက သိပ်လိမ္မာတယ်၊ ဒေါ်ဒေါ့်ကိုလဲ သိပ်ကိုဂရုစိုက်တယ် မောင်မျိုးဆက်မော်"

"ကျွန်တော့်မှာ ဒီလို လိမ်မာရေးခြားရှိပြီး ချစ်စရာကောင်းတဲ့ ညီမလေးရှိတယ်ဆိုတာ သိလာရတော့ ပိုပြီးဝမ်းသာအားရဖြစ်လာရပါတယ်"

"မင်းမှာ ညီမလေးအပြင် ညီလေး တစ်ယောက်ရှိနေသေးတယ် မောင်မျိုးဆက်မော်၊ ဒါပေမယ့် မင်းမင်းကတော့ သမီးသက်မာနဲ့ဆန့်ကျင်ဘက်ပဲ၊ ခပ်ဆိုးဆိုးကောင်မို့ ဒေါ်ဒေါ့်မှာ စိတ်ညစ်နေရတယ်"

"ညီလေးအတွက် မပူပါနဲ့ ဒေါ်ဒေါ်၊ ကျွန်တော်ရောက်လာပြီပဲ၊ ညီလေး လိမ္မာဖို့ ကျွန်တော့် တာဝန်ထားပါဗျာ"

"အို...ဝမ်းသာလိုက်တာ သားကြီးရယ် ဝမ်းသာလိုက်တာ၊ သားကြီးကို နတ်သိကြားတွေက ဒေါ်ဒေါ့်ဆီ ပို့ပေးလိုက်တာပဲ"

ဒေါ်မေဦးခင်သည် တူတော်မောင်၏ လက်ကိုကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားပြီး ဝမ်းသာမဆုံးဖြစ်နေပါ၏။

*

# အခန်း (၂)

"ညီမလေးလဲ ဝင်စားလေ"

သူနှင့်ဒေါ်ခင်မေဦးအတွက် ထမင်းဟင်းများ ခူးခပ်ပေးနေသော သက်မာကို မျိုးဆက်မော်က ပြောလိုက်သည်။

"သက်မာ မဆာသေးလို့ပါ"

"သမီးမနက်က အသုပ်တွေ မှာစားပြီး ရင်ပြည့်နေတယ်နဲ့တူတယ်၊ အစာကြေဆေးကလေး တစ်ခုခုစားလိုက်ဦး"

"ဟုတ်ကဲ့ပါ မေမေ"

"သမီးက မုန့်ဟင်းခါးတို့ လက်သုပ်စုံတို့ဆိုရင် သိပ်ကြိုက်တာ မောင်မျိုးဆက်မော်ရဲ့၊ သူ့ ဒေါ်ကြွယ်ဈေးသွားရင် အမြဲမှာစားနေကြလေ"

မရဲ၏ သို့ရဲ၏ သို့သော မျက်လုံးကလေးများဖြင့် မျိုးဆက်မော်ကို တစ်ချက်လှမ်းကြည့်ပြီး သက်မာသည် ပြုံး၍ ခေါင်းကလေး ငုံ့ချထားနေ၏ ။

"ဟင်းတွေက သားအကြိုက်မှ ဖြစ်ပ့ါမလားမသိဘူး၊ သြော်...သမီး၊ ရေခဲသေတ္တာထဲမှာ ဝက်အူချောင်းကြော်ရှိသေးတယ် မဟုတ်လား။ သားကြီးအတွက် ချပေးပါဦး"

"ဟို...ရှိတော့ရှိ.."

မိန်းကလေးသည် ပြောရခက်သော အမူအရာကလေးဖြင့် စကားဖြတ်၍ ဒေါ်ခင်မေဦးကို ကြည့်နေ၏ ။

"ဟဲ့...ဘာလဲ သမီးရဲ့၊ ရှိရင်သွားယူလေ"

ထမင်းစားပွဲရဲ့ မလှမ်းမကမ်းတွင် ရှိနေသော ဒေါ်ကြွယ်မှာ မနေသာတော့ဘဲ ဝင်ပါလိုက်ရတော့သည်။

"မင်းမင်းက ချန်ထားခိုင်းလို့ ချမပေးတာပါ မမေ"

"ဝယ်ထားတာ မရှိတော့ဘူးလား "

"ကုန်နေလို့"

"အို..နေပါစေဒေါ်ဒေါ်၊ ကျွန်တော့်ရှေ့က ဟင်းပွဲတွေစုံလွန်းလို့၊ ခုတောင် ဘာစားရမှန်း မသိဖြစ်နေတာပါ၊ ညီလေးကြိုက်တာကို ညီလေးအတွက် ထားလိုက်ပါဗျာ"

သက်မာ အသက်ရှူချောင်သွားရသည်။

"ဒေါ်ကြွယ်ဒီနေ့ညနေ စျေးဝယ်ထွက်ရင်၊ အိမ်မှာလိုတာတွေ အကုန်ဝယ်တာ၊ မေးလိုက်ရင် မရှိစကားမကြားချင်ဘူး၊ အငယ်ကောင်ကြိုက်တတ်တဲ့ အစားအစာကိုလဲ မပြတ်လပ်စေနဲ့နော်...ဒေါ်ကြွယ်"

"ကောင်းပါပြီ မမေ"

စကားါအသွားအလာကို နားထောင်ရခြင်းအားဖြင့် မင်းမင်းကို ဤအိမ်တွင်ဦးစားပေးနေရ ကြောင်းမျိုးဆက်မော် သဘောပေါက်မိသည်။

"အဟင်း...ဒီအိမ်မှာ ကိုယ်ကိုယ်တိုင် ဘာမှမလုပ်နိုင်ပေမယ့်လဲ ဒေါ်ဒေါ်စီမံခန့်ခွဲမှုရှိမှ အလုပ်ဖြစ်တာ ငါ့တူရေ၊ ဪ...ဒါနဲ့ မင်းပစ္စည်းတွေ ဘယ်မှာထားခဲ့သလဲ"

"မြို့ထဲက တည်းခိုခန်းမှာပါ ဒေါ်ဒေါ်၊ ဒေါ်ဒေါ်နဲ့တွေ့ပြီး သေချာမှပြန်ယူမလို့ပါ"

"မင်းနှယ်ကွယ်....ကိုယ်တူကိုယ့်သားအရင်းကြီးပဲဥစ္စာ၊ ဒေါ်ဒေါ်က ခေါ်မထားဘဲ နေပါ့မလားလို့၊ညနေကျရင် သွားယူလိုက်၊ ခုပူနေသေးတယ်"

"ဟုတ်ကဲ့ပါ ဒေါ်ဒေါ်"

တူဝရီးနှစ်ယောက် ထမင်းစားပြီးတော့ ဧည့်ခန်းထဲပြန်ထိုင်ပြီး စကားပြောရင်း အချိုတည်းနေကြသည်။

"ဒီတိုက်ကြီးက အရမ်းကောင်းတာပဲနော်"

"ဟုတ်တယ်...ဒေါ်ဒေါ် ခင်ပွန်းက စိတ်တိုင်းကျဆောက်သွားပေးတာလေ"

"ဖေဖေလဲ ဒီအိမ်မှာ နေသွားတာပေါ့နော်"

ကြီးကျယ်ခမ်းနားလှသည့် တိုက်ကြီး၏ အပြင်အဆင်တွေကိုကြည့်ရင်း မျိုးဆက်မော်က မေးလိုက်သည်။

"မဟုတ်ဘူးကွယ်၊ ကိုကို ဒီမှာမနေခဲ့ပါဘူး"

ဒေါ်မေဦးခင်သည် မျက်နှာကြီး ရုတ်တရက်ညှိုးကျသွားသည်ကို မျိုးဆက်မော် သတိပြုမိလိုက်သည်။

"အင်း...အမေးရှိရင် အဖြေရှိရမှာဆိုတော့ မင်းမေးခွန်းကို ဒေါ်ဒေါ် ဖြေရတော့မှာပေါ့ကွယ်၊ သမီးသက်မာ ဟိုဘက်က လိုက်ကာကြီးသွားဖွင့်လိုက်စမ်းကွယ်၊ ပြီးတော့ မှန်တံခါးတွေကိုလဲ ဖွင့်လိုက်"

"ဟုတ်ကဲ့ မေမေ"

ခန်းဆီးလိုက်ကာကြီး ပိတ်ချထားသော မှန်ပြတင်းပေါက်ကျယ်ကြီးဆီသို့ သက်မာသည် ရောက်ရှိသွားပြီး ကြိုးစကိုသိမ်း၍ ဆွဲလိုက်သည်။ ပြီးတော့ သူ့မိခင်၏ စကားအတိုင်း မှန်ပြတင်းပေါက်၏ တံခါးကြီးများကိုလည်း ဖွင့်လိုက်သည်။

ဤတွင် ခပ်ဝေးဝေးဆီမှာ လှမ်း၍ မြင်နေရသော ရှေးဟောင်းပျဉ်ထောင်အိမ်ကြီး တစ်ဆောင်၏ အမိုးအချွန်အတက်တွေကို မျိုးဆက်မော် တွေ့ရှိလာရသည်။

"အဲဒီ မှာ မင်းလှမ်းမြင်နေရသော တစ်ချိန်က အင်မတန်ကျက်သရေရှိပြီး ပျော်ရွှင်စရာ ကောင်းလှတဲ့ သီတဂူစံအိမ်ကြီးပေါ့ကွယ်၊ ဒေါ်ဒေါ်တို့ အမျိုးကထီးရိပ် နန်းရိပ် မကင်းတဲ့ အမျိုးဆိုတော့ အိမ်ကြီးက နန်းဆန်တယ်၊ အဆောင်အယောင်တွေက ရှေးဆန်တယ်လေ၊ အဲဒီ အိမ်ကြီးမှာ မင်းဖေဖေနေခဲ့တာ"

"အိမ်ကြီးက အိုနေပြီလား ဒေါ်ဒေါ်"

"အင်း…အတော်ကလေးကို အိုနေပြီ၊ ဆောက်ထားတဲ့နှစ်ကလဲ မနည်းတော့ဘူး မဟုတ်လား "

"ဖေဖေ နေသွားတဲ့ အိမ်ကြီးကို ကျွန်တော်ကြည့်ချင်လိုက်တာ ဒေါ်ဒေါ်ရယ်"

ဒေါ်မေဦးခင်သည် မျက်စုံနှစ်ဖက်ကျုံ့ဝင်သွားအောင် မျက်မှောင်ကြုတ်၍ မျိုးဆက်မော်အား ကြည့်နေ၏။

"ဒေါ်ဒေါ့်ကို ကြည့်ရတာ တစ်မျိုးကြီးပဲ၊ ဒီအိမ်ကြီးကို သွားမှာမလိုလားနေတဲ့ပုံပါလား"

မျိုးဆက်မော်သည် အဒေါ်ဖြစ်သူ၏ မျက်နှာရိပ် မျက်နှာကဲကိုကြည့်ပြီး စိတ်ထဲမကောင်း ဖြစ်မိလာသည်။

မျိုးဆက်မော်၏ မျက်နှာ ညှိုးကျလာသည်ကို တွေ့သောအခါ ဒေါ်ခင်မေဦးသည် ပင့်သက် တစ်ချက်ကို ရှိုက်လိုက်ပြီးမှ စကားပြန်စလာ၏။

"အင်း…ဟုတ်တာပေါ့လေ၊ မင်းအနေနဲ့ ကိုယ့်ဖခင်နေသွားတဲ့ အိမ်ဆိုတော့မြင်ချင်တွေ့ချင်နေမှာပေါ့၊ သမီးသက်မာ သီတဂူရဲ့သော့ သွားယူလိုက်ပါဦးကွယ်"

"ဟုတ်ကဲ့ မေမေ"

သူတို့အနီးတွင်ရှိနေသော သက်မာကလေး သွက်လက်ဖျတ်လတ်စွာ အခန်းတစ်ခု အတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားပြီး သော့တွဲတစ်တွဲကိုယူကာ ပြန်ထွက်လာ၏ ။

သီတဂူက အိုနေလို့ အန္တရာယ်ဖြစ်မှာစိုးတာနဲ့ သော့ကိုဒေါ်ဒေါ့်ဆီမှာပဲ သိမ်းထားတာ ကဲ..လာ သွားကြရအောင် မောင်မျိုးဆက်မော်

"အို…မေမေသွားမလို့လား၊ ခုနကပဲ မောနေတာ။ နေကလဲပူနေပြီလေ"

"ရပါတယ်သမီးရယ်၊ ထီးကလေးဆောင်းပြီး တစ်ဖြည်းဖြည်းလျှောက်သွားရင် ရပါတယ်၊ သမီးကိုကို့ကို မေမေကိုယ်တိုင် လိုက်ပြချင်လို့ပါ"

"ဒါဆို သမီးလဲလိုက်ခဲ့မယ်"

သက်မာသည် ထီးကလေး တစ်လက်ကို ပြေးယူလာ၏ ။

"လာ…သွားကြစို့ မောင်မျိုးဆက်မော်"

သုံးဦးသား သီတဂူစံအိမ်ကြီးရှိရာဆီသို့ ထွက်ခဲ့ကြပါသည်။

သစ်ရွက်တွေ ဖားဖားဝေနေသော အုပ်အုပ်ဆိုင်းဆိုင်း နှစ်ချို့ပင်ကြီးများ ဝိုင်းရံထားရှိနေ သည်ကိုသီတဂူစံအိမ်၏ အဝိုင်းအဝန်းသို့ ဝင်လိုက်သည့်အခါတွင်တော့ စိမ့်အေးသော အရသာကို သိသိသာသာကြီး မျိုးဆက်မော် ခံစားလိုက်ရသည်။

တဖြည်းဖြည်း ရှေ့သို့ဆက်လျှောက်လာသည့်အခါတွင်တော့ သီတဂူစံအိမ်ကြီးကို ပီပြင် ပြတ်သားစွာ တွေ့မြင်လာရသည်။

စုလစ်မွန်းချွန်တို့ဖြင့် ကြီးမားလှသော ပျဉ်ထောင်အိမ်ကြီးသည် အဆောင်တွေ အထပ်တွေ မြောက်မြားစွာဖြင့်ရှိနေပါ၏ ။

ပန်းဆွဲများ၊ ကနုတ်ပန်းများလည်း ပျက်တစ်ဝက်ရှိတစ်ချို့နှင့်

ဖြစ်နေပါ၏။

ရေနံရောင်တွေ လွှင့်ပြယ်၍ မွဲခြောက်ခြောက်အသွင်ရှိနေပါသော်လည်း မျိုးဆက်မော်၏ မျက်စိထဲတွင် အဖိုးမဖြတ်နိုင်သော ရတနာစံအိမ်ကြီးကဲ့သို့ မြင်မိနေ၏။

တဖြည်းဖြည်းနီးလာလေလေ အိမ်ကြီး၏ အဆင်အပြင်တို့က မက်မောဖွယ်ရာ ရှိလာလေလေ ဖြစ်နေပါ၏။

“ကြည့်စမ်းပါဦးဗျာ၊ ကနုတ်ပန်းတွေ၊ ပန်းဆွဲတွေနဲ့ ခုခေတ်မှာ မြင်ရခဲတဲ့ အိမ်ကြီးတစ် ဆောင်ပဲ”

ဒေါ်မေဦးခင်သည် အိမ်ကြီးကိုကြည့်၍ နှစ်ခြိုက်သဘောကျနေသော တူတော်မောင်၏ မျက်နှာကိုကြည့်ပြီးပြုံးလိုက်သည်။

“နေဦး၊ တစ်ချိန်က ဒီအိမ်ကြီး ဘယ်လောက်လှတယ်ဆိုတာ မင်းကို သူ့ဓာတ်ပုံပြရဦးမယ်”

“ဟန်ကျတာပဲ၊ ဓာတ်ပုံထဲကအတိုင်း ပြုပျက်နေတာတွေကို လိုက်ပြင်လိုက်ရင် ဒီသီတဂူ အိမ်ကြီးက သိပ်ကိုတန်ဖိုးရှိတဲ့ အိမ်ကြီးတစ်ဆောင် ဖြစ်သွားမှာပဲ ဒေါ်ဒေါ်”

“အင်း…၊ ရှိပါစေတော့ကွယ်၊ ဒီအိမ်ကြီးကို ဒေါ်ဒေါ့်မှာ ပြင်ချင်တဲ့ဆန္ဒမရှိတော့ပါဘူး မောင်မျိုးဆက်မော်”

“ခင်ဗျာ”

“ဒီအိမ်ကြီးအကြောင်း မင်း မသိပါဘူးကွယ်၊ ဒေါ်ဒေါ်တို့မောင်နှမအတွက် ငယ်ငယ်က ပျော်စရာကောင်းလှပေမယ့် ကြီးလာကြတဲ့အခါမှာတော့ အို…ဒါတွေ ထားလိုက်ပါတော့ကွယ်”

ဒေါ်ခင်မေဦးသည် သူ့စကားကို ရှေ့သို့မဆက်တော့လိုဟန်ဖြင့်

မျက်နှာကို တစ်ဖက်သို့ လွှဲဖယ်ထားလိုက်သည်။

"ဒေါ်ဒေါ်"

"ဘာလဲ၊ မောင်မျိုးဆက်မော်"

"ဒေါ်ဒေါ်ခွင့်ပြုမယ်ဆိုရင် ဒီသီတဂူမှာပဲ ကျွန်တော်နေပါရစေ၊ ဖေဖေနေခဲ့ဖူးတဲ့ ဒီအိမ်ကြီးမှာ ကျွန်တော်သိပ်နေချင်ပါတယ် ဒေါ်ဒေါ်၊ အပြုအပြင်ကင်းနေတဲ့ ဒီအိမ်ကြီးကိုလဲ ကျွန်တော့်ကို ပြုပြင်ခွင့် ပေးပါဗျာ"

"သားရယ် ဘာဖြစ်လို့ ဒုက္ခရှာမလဲ၊ ဟိုဘက် တိုက်ကြီးမှာလဲ နေစရာတွေကို ပြည့်လို့ပါ"

"ကျွန်တော့် ဖေဖေနေသွားတဲ့အိမ်မှာ ကျွန်တော်သိပ်နေချင်လို့ပါ၊ ပြီးတော့ ရှေးဟောင်း အမွေအနှစ်တွေကိုကျွန်တော် သိပ်မြတ်နိုးလို့ပါ၊ ဒီအတိုင်းထားပြီး ဒီသီတဂူတိုက်ကြီး မြေခသွား မှာကိုတော့ ကျွန်တော့်မမြင်ရက်ဘူး ဒေါ်ဒေါ်ရယ်၊ ပြီးတော့လဲလေ မိဘ ဘိုးဘွားတွေ့ရဲ့ ရှေးဟောင်း အမွေအနှစ်ကို ထိန်းသိမ်းထားရမယ့်တာဝန် ကျွန်တော့်မှာ ရှိနေတယ်လို့လဲ ယူဆပါတယ်"

"အေးလေ...၊ မင်း ဒီလောက်နေချင်နေတော့လဲ ဒေါ်ဒေါ် ခွင့်ပြုရတော့မှာပေါ့"

သက်မာက မိခင်၏ လက်ကို ခပ်ကြမ်းကြမ်း ကလေးဆုပ်ကိုင်လိုက်သည်။

ဒေါ်မေဦးခင်သည် သက်မာ၏ မျက်နှာကို ကြည့်လိုက်သည်။ သက်မာ၏ မျက်လုံးများက ဒေါ်မေဦးခင်ကို စကားပြောနေကြ၏ ။

ဒေါ်မေဦးခင်သည် သဲ့သဲ့တစ်ချက် ပြုံးလိုက်ပြီး သူ့သမီးလက်ကိုပြန်၍ တစ်ချက်နှစ်ချက် ပုတ်လိုက်သည်။

သဘောကတော့ အသာနေရန် ပြောလိုက်သည်။

မည်သို့ပင်ဖြစ်စေ သူနေချင်လှသော သီတဂူတွင် နေခွင့်ရလိုက်သည့်အတွက် အပျော်ဆုံး ဖြစ်နေသူကတော့ မျိုးဆက်မော်ပင်ဖြစ်၏ ။

ဒေါ်မေဦးခင်သည် အိမ်ဝင်တံခါးမကြီးတွင် ရှိနေသော သော့ခလောက်ကို သူကိုယ်တိုင်ပင် လက်ထဲကသော့ဖြင့် ဖွင့်လိုက်သည်။

ခိုင်ခန့်သော ကျွန်းတံခါးကြီးပတ်တာ ဆီခြောက်သံပြု၍ တဖြည်းဖြည်းပွင့်လာသည့်အခါ တွင်တော့ မျိုးဆက်မော် အံ့အားသင့်ရပြန်သည်။

ဖုန်မှုန့်တစ်စက်ကလေးမှမရှိဘဲ ခမ်းနားစွာ ပြင်ဆင်ထားသော ဧည့်ခန်းဆောင်ကြီးထဲတွင် ရှေးဟောင်းလက်ရာ ပန်းချီ၊ပန်းပု၊ ပရိဘောဂတို့ဖြင့် ခမ်းနားထည်ဝါလွန်းနေပါ၏ ။

“သားသား နားနား ထားလို့ရတဲ့ အခန်းဆိုလို့ ဒီဧည့်ခန်းပဲရှိနေတော့ မောင်မျိုးဆက်မော်၊ ဒီအခန်းကိုတော့ ဒေါ်ဒေါ်ကိုယ်တိုင်ပဲ အသန့်ရှင်းဆုံးဖြစ်အောင် အမြဲထားတယ်၊ သူက တစ်ခါတလေ ဒေါ်ဒေါ်ရဲ့ အလွမ်းဖြေရာ နေရာပေ့ါ”

“ကောင်းလိုက်တာ ဒေါ်ဒေါ်ရယ် ”

“အေး..ဒီဧည့်ခန်းနဲ့ဆက်လျက် အခန်းကတော့ ကိုကို့အိပ်ခန်း၊ ဒီအိပ်ခန်းလဲ မဆိုးပါဘူး၊ နေလို့ဖြစ်ပါတယ်၊ ဒါပေမယ့် ရှင်းဖို့တော့ လိုလိမ့်မယ်၊ ပစ်ထားတာ နှစ်ပရိစ္ဆေဒကြာနေပြီလေ”

“ရပါတယ် ဒေါ်ဒေါ်၊ကျွန်တော့် ဘာသာရှင်းပြီး နေပ့ါမယ်”

မျိုးဆက်မော်သည် အပေါ်ထပ်ဆီသို့ ဆက်နွယ်နေသော ကျွန်းလှေကားကြီး၏ ပွတ်လုံး များကိုလက်ဖြင့်ပွတ်သပ်ရင်း အပေါ်ထပ်ဆီသို့ မော်ကြည့်လိုက်သည်။

“အပေါ်မှာအန္တရာယ်ဖြစ်နိုင်တဲ့အခန်းတွေ ရှိနေတယ် မောင်မျိုးဆက်မော်၊ မင်းမတက်ရင် ကောင်းမယ်လို့ ဒေါ်ဒေါ်ထင်တယ်”

"ဟုတ်ကဲ့ပါ ဒေါ်ဒေါ်"

မျိုးဆက်မော်သည် သူ့ဖခင်၏ အိပ်ခန်းတံခါးဆီသို့ လျှောက်သွားပြီး တံခါးကို တွန်းဖွင့် လိုက်သည်။

ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရသော အတွင်းကို တွေ့ရှိလိုက်ရသည်။

"မေမေ.ဘာဖြစ်လို့ ကိုကို့ကိုကျတော့ သီတဂူမှာ နေခွင့်ပြုတာလဲ ဟင်"

ကြာရှည်အောင့်အီးမနေနိုင်တော့ဟန်ဖြင့် သက်မာက မိခင်ဖြစ်သူကို မေးလိုက်သည်။

"ဘယ်သူမှမဝင်ရဘူး၊ မနေရဘူးလို့ မေမေကြေပ်မတ်ထားပေမယ့် ကိုကို့သွေး ကိုကို့သား နေချင်လှချည့်ရဲ့ဆိုတာကိုတော့ မေမေခွင့်ပြုရမယ်သမီး၊ ဒီ သီတဂူစံအိမ်ကြီးက ကိုကိုနဲ့လဲ သိပ်စပ်ဆိုင်နေတယ် မဟုတ်လား၊ ကဲ..အိပ်ရာပြင်ဖို့နဲ့ အခန်းရှင်းဖို့ လိုအပ်တာတွေ ဒေါ်ကြွယ်ကို ခေါ်ပြီး ယူလာခဲ့"

"ဟုတ်...ဟုတ်ကဲ့ပါ မေမေ"

မျိုးဆက်မော်သည် အတွင်းခန်းသို့ အသာဝင်တိုက်ပြီး ပြူတင်းပေါက်တံခါးများကို လိုက်ဖွင့်လိုက်သည်။

အလင်းဝင်၍ လင်းထင်းသွားသော အခန်းထဲတွင် ဖုန်အလိမ့်လိမ့်၊ ပိုးအိမ်တွေ ထူထူထဲထဲ နှင့်ရှုပ်ပွနေသော အသုံးအဆောင်ပရိဘောဂများကို မျိုးဆက်မော်တွေ့ရှိရသည်။

"သား မောင်မျိုးဆက်မော် ခဏနေဦး၊ သမီးနဲ့ ဒေါ်ကြွယ် တံမြက်စည်းတွေ ဘာတွေ ယူလာပြီး ရှင်းပေးလိမ့်မယ်"

"ဟုတ်ကဲ့ ဒေါ်ဒေါ်"

မျိုးဆက်မော်သည် လက်တွင်ကပ်နေသော ဖုန်မှုန့်များကိုခါရင်း ဧည့်ခန်းထဲသို့ ပြန်ရောက်လာ၏ ။

ဒေါ်ခင်မေဦး၏ အနီး ဧည့်ခန်းထဲက ကုလားထိုင်တစ်လုံးတွင် ထိုင်မည်ပြုလိုက်စဉ် ဧည့်ခန်းတံခါးဝသို့ တစ်ယောက်ယောက် ရောက်ရှိလာသဖြင့် မျိုးဆက်မော်သည် မထိုင်သေးဘဲ ကြည့်နေလိုက်သည်။

တံခါးဝသို့ ရောက်ရှိလာသူသည အသက်ဆယ့်ကိုးနှစ်ခန့်ရှိပြီး တီရှပ်ဖြူနှင့် ဂျင်းဘောင်းဘီ ကိုဝတ်ဆင်ထားသည်။

လည်ပင်းတွင် လက်သန်းလုံးခန့်ရွှေကြိုးနှင့် ဖျက်မနေလျှင် အလွန်ရုပ်ရည် ကြည့်ကောင်း လှသူတစ်ဦးဖြစ်မည်ဟု မျိုးဆက်မော် ထင်မြင်မိသည်။

မကြည်သလို မျက်နှာဖြင့် သူ့ထံသို့ ကြည့်လာသော သားဖြစ်သူကို ဒေါ်မေဦးခင်သည် အချိုသာဆုံးသော အပြုံးမျက်နှာဖြင့် ကြည့်လိုက်သည်။

“သားငယ်လေး ဝင်လာလေ”

“ဦးတင်ဆီသွားရင်း သီတဂူရဲ့ တံခါးပွင့်နေလို့ ဝင်ကြည့်တာ၊ မေမေတို့ ဘာလုပ်နေကြ တာလဲ၊ သူကကော ဘယ်သူလဲ”

မျိုးဆက်မော်ဘက် မေးဆတ်ပြပြီး မင်းမင်းက မေးလိုက်သည်။

“ဒါ မင်းဘဘ ခမ်းမော်ရဲ့သား မင်းကိုကို မျိုးဆက်မော် သားရဲ့”

“ဘာဗျ…”

ကိုယ်ကြီး ဆတ်ခနဲ တွန့်သွားပြီး မျိုးဆက်မော်ကို မင်းမင်းက ကြည့်လိုက်သည်။

မျိုးဆက်မော်သည်အချိုသာဆုံး ပြုံးပြလိုက်သည်။

မင်းမင်း၏ မျက်နှာတွင် ပြုံးရမလို၊ မဲ့ရမလို ဖြစ်လာသော မျိုးဆက်မော်ကိုကြည့်ပြီး ဒေါ်ခင်မေဦးသည် ပြေပြစ်မှုရှိမည် ထင်သောစကားကို ပြောလာရှာပါ၏

"သားငယ်က သူ့ဘဘ ဦးခမ်းမော်မှာ သားတစ်ယောက်ရှိနေတယ်ဆိုတာ ခုမှသိရလို့ မယုံနိုင်လောက်အောင် ဖြစ်နေရှာတယ် ထင်တယ်၊ အေးလေ ဘယ်သူကမှ မျှော်လင့်မထားတာ တွေဖြစ်လာတော့ အံ့သြစရာ ဖြစ်နေတာပေါ့ ငါ့တူရယ်"

"ဟုတ်ပါတယ်...ကျွန်တော် ရောက်လာပုံက ဆိုင်းမဆင့် ဗုံမပါ ဗြုန်းစားကြီး ဖြစ်နေတာကို ညီညီအံ့သြနေရှာမှာပေါ့"

မင်းမင်းသည် မျိုးဆက်မော်၏ စကားအဆုံးတွင် ဟန်ပါပါ ပခုံးကို တစ်ချက်တွန့်လိုက်ပြီ။

"အဟင်း...တော်သေးတာပေါ့ဗျာ၊ မေမေ အသက်ရှင်တုန်း ရောက်လာလို့ နို့မဟုတ်ရင် တော့ ဆောရီးပဲ"

ဒေါ်မေဦးခင်သည် သားငယ်၏ မျက်နှာကို ငိုင်ငေး၍ ကြည့်နေ၏ ။

မင်းမင်းသည် လက်နှစ်ဖက်နှင့် ခေါင်းက ဆံပင်တွေကိုသပ်ပြီး တံခါးဝမှ ချာခနဲလှည့် ထွက်သွား၏ ။

"ဟဲ့...သားငယ် ဒါ ဘယ်လဲ"

"ဦးတင်ဆီသွားမလို့"

မိခင်ဖြစ်သူကို လှည့်၍ မျှ မကြည့်ဘဲ မင်းမင်းသည် လျင်မြန်စွာ ထွက်ခွာသွား၏ ။

"အဲဒါသာ ကြည့်တော့ ငါ့တူရေ၊ မင်းညီလေးကတော့ လုံးဝမှအချိုးမပြေဘူး၊ သူ့အတွက်ပဲ ဒေါ်ဒေါ်မှာ စိတ်ဆင်းရဲနေရတာ "

အဒေါ်ဖြစ်သူက မျိုးဆက်မော်ကို နှစ်သိမ့်လိုက်သည်။

"ဖြည်းဖြည်းတော့ ညီလေး လိမ္မာလာမှာပါ၊ ကျွန်တော်လဲ ရောက်နေပြီပဲ ဒေါ်ဒေါ်ရယ်"

“အင်း…မင်းကိုပဲ အားကိုးရတော့မှာပဲ ငါ့တူရယ်”

ဒေါ်မေဦးခင်နှင့် မျိုးဆက်မော်တို့ စကားပြောကြစဉ် တံမြက်စည်း၊ အမှိုက်ဂေါ်ပြားနှင့် အိပ်ရာအခင်း အကျင်းများကို သယ်ဆောင်ကာ ဒေါ်ကြွယ်နှင့် သက်မာတို့ရောက်ရှိလာကြသည်။

“ညီမလေး သက်မာနဲ့ ဒေါ်ဒေါ်ကြွယ် ထားခဲ့ထားခဲ့ ကျွန်တော့် ဘာသာ ကျွန်တော်ရှင်းပြီး အိပ်ရာခင်းလိုက်မယ်”

ဒေါ်ကြွယ်သည် လက်ထဲက ပစ္စည်းတွေကိုချပြီး သက်မာကို လက်တို့ကာ သီတဂူ၏ ဧည့်ခန်းအတွင်းမှ လျင်မြန်စွာ ထွက်ခွာသွား၏ ။

“မေမေလဲ အိမ်ပြန် နားလိုက်ဦးလေ နားချိန်ရောက်နေပြီမဟုတ်လား၊ ညနေဘက်ကျမှ တစ်ခေါက်ပြန်လာကြည့်ပေါ့”

“အင်း..ဟုတ်တယ်၊ ဒီမှာ အခန်းရှင်းရင် ဖုန်တွေထမှာ ဒေါ်ဒေါ်ခဏ ပြန်နားလိုက်ဦးနော်”

“အေးအေး၊ မင်းလိုတာရှိရင ထွဋ်မွန်ရတနာမှာ လာယူနော်”

“ဟုတ်ကဲ့ ဒေါ်ဒေါ်”

“ဪ..ဒေါ်ဒေါ်တို့တိုက်ကို ဒေါ်ဒေါ်ခင်ပွန်းက အမည်ကင်ပွန်းတပ်ခဲ့တယ်လေ၊ ထွဋ်မွန် ရတနာတဲ့၊အဟင်း..သူကလဲ အင်မတန် စိတ်ကူးယဉ်တတ်တဲ့သူကွယ် ”

ဒေါ်ခင်မေဦးခင်သည် သက်မာတွဲခေါ်ရာ နောက်သို့ လိုက်ပါသွားရင်း ထိုစကားကိုပြော သွား၏ ။

မျိုးဆက်မော်သည် သားအမိနှစ်ယောက် တစ်ရွေ့ရွေ့ ထွက်ခွာသွားနေသည်ကို မျက်စ တစ်ဆုံးပင်ကြည့်နေမိသည်။

*

# အခန်း (၃)

"တော်စမ်း မင်းမင်း၊ သီတဂူနဲ့ပတ်သက်ပြီး၊ ဘာတစ်ခွန်းမှ မင်း မေမေကို လာမပြောနဲ့ မကြားချင်ဘူး"

မိခင်ကို တိုက်ကျွေးရန် ဆေးနှင့်ရေခွက်ကို ယူလာသော သက်မာသည် အတွင်းက မိခင်၏ ဒေါသသံကြောင့် ခြေလှမ်းများနောက်သို့ တွန့်ဆုတ်သွားရသည်။

"အို..ပြောရမှာပဲ၊ ပြောရမှာပဲ မကျေနပ်တာတော့ ပြောရမှာပဲ၊ မကျေနပ်တာတော့ ဒီကကောင်က မြို့မထားတတ်ဘူးဗျ၊ ကိုယ့်သားအရင်း နေချင်လှတယ် ဆိုတာတော့ မထားဘူး၊ ဒီကောင့်ကိုကျတော့..."

"မင်းမင်း...မင်းတိတ်စမ်း၊ မျိုးဆက်မော်က မင်းထက်ကြီးတယ်၊ ပြီးတော့ မင်းနဲ့တစ်ဝမ်းပဲ ကွဲတာ...။ စကားကို မိုက်မိုက်ရိုင်းရိုင်းမပြောနဲ့၊ မေမေ မကြိုက်ဘူး၊နော်..ဒါပဲ"

"အိုဗျာ..အစ်ကိုမကလို့ ဘာပဲဖြစ်ဖြစ်၊ ဒီကောင်က ဘာကောင်လဲဆိုတာ မေမေ တိတိကျကျ သိလို့လား...။ ဘာသက်သေခံတွေ၊ ပါလာလို့လဲ"

"မင်းမင်း ....ပြောနေတဲ့ကြားကနော်၊ မင်း အမေထက် သားတစ်လကြီးလာလုပ်မနေနဲ့၊ မျိုးဆက်မော်က မေမေသွေးမို့လို့ မေမေထားတာ၊ မင်းဘာမှ ဝင်ကန့်ကွက်နေစရာမလိုဘူး၊ သူနေသင့်တယ် ထင်လို့ မေမေခွင့်ပြုတယ်။ ဒါပဲ"

ဒေါသနှင့် ငိုရှိုက်သံများ ရောပြွန်း၍ ထွက်လာသောအခါ အခန်းအပြင်ဘက်တွင် သက်မာသည် ငြိမ်မနေနိုင်တော့ဘဲ လျှင်မြန်စွာလှမ်းဝင်လိုက်တော့သည်။

မင်းမင်းသည် အိမ်ခန်းအလယ်တွင် လက်နှစ်ဖက်ကိုဆုပ်၍ ဘေးသို့ဆန့်ဆန့်ကြီး ချထားကာ မိခင်ကို မကျေမနပ်ကြည့်နေရာမှ သက်မာဘက်သို့

ဆတ်ခနဲ လှည့်၍ စူးစူးဝါးဝါး ကြည့်လိုက်သည်။

"မေမေ"

မင်းမင်းကို ဖြတ်ကျော်၍ သက်မာသည် မိခင်ထံသို့ ပြေးသွားလိုက်ပြီးဖက်လိုက်သည်။

မင်းမင်းသည် ရပ်နေရာမှ ရုတ်တရက် သက်မာ၏ အနီးသို့ ရောက်ရှိလာပြီး အိအိညက်ညက် ထိရက်စရာ မရှိသော သက်မာ၏ ပခုံးနှစ်ဖက်ကို ဆတ်ခနဲ ဆွဲလိုက်သည်။

"အမေ့..."

"ဟဲ့..ဟဲ့ သား...ဒါဘာလုပ်တာလဲ"

"အပိုကိုလာလုပ်တာ အမြင်ကတ်လို့၊ သွားစမ်းမိစူး၊ ငါ့တို့သားအမိ စကားပြောရင် ဝင်မလာနဲ့လို့ နင့်ကိုဘယ်နှစ်ခါ ပြောထားရမလဲ"

သက်မာ၏ ပခုံးကို ဆောင့်တွန်းပစ်လိုက်သဖြင့် သက်မာမှာ လဲကျတော့မယောင် ဖြစ်သွားရသည်။

"ဟဲ့ သား...သား ညီမလေးကို ဒီလိုမလုပ်ပါနဲ့၊ မင်း သိပ်မိုက်ရိုင်းနေပါလား"

"ကိုယ်နေရာ ကိုယ်မနေရင် လုပ်မှာပဲ၊ သွားလေ... ပြောနေတဲ့ကြားက ပေကတ်ကတ်နဲ့ တယ်... ငါ တီးပစ်လိုက်မိတော့မယ်"

"ဟဲ့...သား..သား"

သက်မာလည်း ရှေ့ဆက်မမေဝံ့တော့ဘဲ ချာခနဲ လှည့်၍ အိမ်ခန်းတွင်းမှ ထွက်ပြေးသွား တော့သည်။

"အမေ အသာနေစမ်းပါဗျာ၊ ဒီဟာမလေးကို အရေးမပေးချင်စမ်းပါနဲ့၊

မေမေ မြှောက်စားလွန်းလို့ နေရာတကာ သူစပ်စပ် စပ်စပ်ပါချင်နေတာဗျ၊ သူ့ကိုယ်သူ ဘာကောင်မ လို့များ ထင်နေသလဲမသိဘူး၊ မေမေသာကောက်မွေးစာမထားရင် မြောင်းထဲရောက်နေတာကြာပြီ ဟွန်း..."

မိမိနှင့် လုံးမဝမူမတူဘဲ စိတ်ကြမ်းလူကြမ်း ရှိလှသော သားဖြစ်သူကို ဒေါ်မေဦးခင်သည် မှင်တက်မိသလို ကြည့်နေမိသည်။

သက်မာခမျာမှာ ငိုရှိုက်ရင်း မျက်နှာကို လက်ဝါးကလေးဖြင့်အုပ်ကာ ခြေဦးတည့်ရာ ပြေးနေပါ၏ ။

"ဟဲ့ ဟဲ့ ...ဘယ်လိုဖြစ်တာလဲ၊ ကံသီလို့ ငါပါ လဲတော့မလို့"

ထိတ်လန့်သွားသော အိမ်ဖော် ဒေါ်ကြွယ်သည် ရေနွေးဓာတ်ဘူးကို ဒေါ်မေဦးခင်၏ အခန်းဆီသို့ ယူဆောင်လာစဉ် ဒေါ်နှင့် မောနှင့် ဒေါ်မေဦးခင်၏ အိပ်ခန်းမှထွက်လာသော မင်းမင်း ကိုတွေ့လိုက်ရသည်။

သူ့ခြေလှမ်း ခေတ္တရပ်သွားပြီး သူတွေဝေသွားသည်။

သက်မာသည် မျက်နှာကို လက်ဝါးဖြင့် အုပ်၍ ငိုရှိုက်ရင်း ပြေးလာသည်တွင် အိမ်နောက်ဖေး ဘက်သို့ ရောက်လာ၏ ။ ဤတွင် စိတ်ကြိုက်ကားတစ်စီးလုံးကို သန့်စင်နေသော ထွဋ်မှုရတနာ၏ ယာဉ်မောင်းကြီးဦးဖေတင်၏ လက်က ရေပိုက်နှင့် ခလုတ်တိုက်မိပြီး ရှေ့သို့ဟပ်တိုးကြီးလဲကျသွား တော့သည်။

"ဟာ...ဒီကောင်မလေး ဘယ်လိုဖြစ်လာတာလဲ"

ပထမတော့ နမော်နမဲ့ နိုင်ရလေမလားလို့ သက်မာကို ဦးဖေတင် အတော်ဒေါသ ထွက်သွားမိသည်။

နောက်တော့ အသည်းပေါက်လုမတတ်ရှိုက်ငိုနေသော သက်မာ၏ အဖြစ်ကို သတိပြုမိသွားပြီး သူပျာယာခတ်သွားတော့သည်။

"သက်မာ…သက်မာ၊ နင်…နင်…ဘာဖြစ်လာတာလဲဟင်၊ မမကြီး နင့်ကို ဆူလိုက်လို့လား"

သက်မာက ခေါင်းယမ်းလိုက်သည်။

"ဒေါ်ကြွယ်နဲ့ ဖြစ်လာတာလား"

သက်မာက ခေါင်းယမ်းနေပြန်သည်။

"ဒါဆို မင်းမင်းနဲ့ပဲ ဖြစ်ရမယ်၊ ဒီကောင်လေး အိမ်ပြန်လာတာငါတွေ့တယ်၊ နင်တို့ နှစ်ယောက်ကလဲ ခက်တာပဲ တွေ့လိုက်ရင် ခွေးနဲ့မျောက်ကျနေတာပဲ၊ တည့်ကိုမတည့်ကြဘူး၊ ပြောစမ်း ခုဘာဖြစ်လာရပြန်တာလဲ"

"ဟင့်..ဟင့်..ရှက်တယ်၊ ရှက်တယ်၊ သက်မာ သေသွားရင်ကောင်းမှာပဲ၊ သက်မာ သေချင်တယ်၊ သက်သက်လိုက်ပြီး နှိမ်တာခံကို မခံချင်ဘူး"

"ဟာ..သက်မာကလဲ မင်းမင်းအကြောင်းလဲ သိသားနဲ့ သည်းခံလိုက်စမ်းပါဟာ"

"ဦးဖေကြီး ဘာသိလို့လဲ အရမ်းပြောမနေနဲ့၊ သူ..သူနဲ့ သက်မာဖြစ်တာမဟုတ်ဘူး၊ သူနဲ့ မေမေနဲ့ ဖြစ်နေတာ၊ မေမေရောဂါထမှာစိုးရိမ်ပြီး သက်မာအခန်းထဲကို အခန်းထဲကို ဝင်သွားမိလို့ သူက..သူက.."

ဝမ်းနည်းလွန်းသဖြင့် ရှေ့မဆက်နိုင်ဘဲ သက်မာ၏ အသံများ လည်ချောင်းထဲတွင် ဆိုနစ်နေကြတော့သည်။

"ဟင်..မမကြီး မေဦးနဲ့ မင်းမင်းတို့ စကားများနေကြတယ် ဟုတ်လား"

သက်မာက ခေါင်းညိတ်ပြလိုက်သည်။

"ဘာကိစ္စနဲ့များကြတာလဲ"

"ဘယ်..ဘယ်သိမှာလဲလို့ သက်.သက်မာတစ်စွန်းတစ်စပဲ ကြားရတာ၊ သိ..သီတဂူ အကြောင်းလဲ ပါပါတယ်ဦးဖေရဲ့"

ဦးဖေတင်သည် ဝေးဝေးဆီမှလှမ်းမြင်ရသော သီတဂူအိမ်ကြီးဆီသို့ လှမ်းကြည့်ပြီး သူ့ဦးခေါင်းကိုလေးတွဲစွာ ယမ်းနေလိုက်တော့သည်။

"မမကြီး မေဦးလဲ ဒုက္ခပဲ၊ နောက်ဆုံးတော့ ဒီသားနှိပ်စက်တာနဲ့ပဲ သေမှာနဲ့တူပါတယ်"

ယာဉ်မောင်းကြီး ဦးဖေတင်၏ မျက်နှာပေါ်တွင် စိတ်လက်မကောင်းလှဟန်ရှိနေ၏။

"မေမေ့အတွက် သက်မာ စိုးရိမ်တယ်၊ ဒီအတိုင်းဆိုရင် မေမေတော့ ရောဂါတိုးလာမှာ သေချာတယ်"

"သူတို့ သားအမိကြားမှာ တို့များ ဘယ်လိုဝင်နိုင်မှာလဲ သက်မာရယ်"

"ဟုတ်တယ်...ဟုတ်တယ် အဲဒီ အတွက်ပဲ သက်မာရင်နာမဆုံး ဖြစ်နေရတာ အစကတည်းက မေမေ့ဆီကို သက်မာရောက်မလာရင် အကောင်းသား၊ သက်မာကို ဒီထွင့်ရတနာ ကိုခေါ်လာတဲ့ ဦးဖေကြီးကိုပဲ သက်မာ အပြစ်တင်ချင်တယ် သိလား"

"ဟာ..သက်မာရာ၊ ဘယ့်နှယ် မြားဦးကဦးဖေကြီးဘက် လှည့်လာရပြန်တာတုန်း"

"မဟုတ်လို့လား၊ ဦးဖေကြီး အတင်းခေါ်လာလို့ သက်မာ ဒီအိမ်ကိုရောက်ရတာ၊ ဘာလဲ"

ရဲတွတ်နေသောမျက်နှာကလေးဖြင့် စူစူဆောင့်ဆောင့်ပြောလိုက်သော မိန်းကလေးကို ကြည့်ပြီး ဦးဖေတင် ငိုင်ကျသွားတော့သည်။

သက်မာသည် ခေါင်းကလေးငုံ့ကာ ရှိုက်ငင်မဆုံးရှိနေပါသည်။

ထိုစဉ် သူတို့အနီးသို့ မပြေးရုံတမည် ခြေလှမ်းများဖြင့် ဒေါ်ခင်မေဦးနှင့် အိမ်ဖော် ဒေါ်ကြွယ် တို့ရောက်ရှိလာကြသည်။

"သမီးလေး ...သမီးလေး သက်မာ"

သက်မာသည် မျက်နှာပေါ်တွင် ဖိကပ်ထားသော သူ့လက်များကို ဆတ်ခနဲဖယ်၍ ဒေါ်မေဦးခင်ကို ကြည့်လိုက်သည်။

ဒေါ်မေဦးခင်သည် မို့ အစ်နီရဲနေသော သက်မာ၏ မျက်နှာကလေးကိုကြည့်ပြီး ရင်ထဲမှာ ဆို့နင်သွားရသည်။

သည်မိန်းကလေးကို သူ့ အသွေးအသားကဲ့သို့ သူချစ်ခင်တွယ်တာနေမိသည် မဟုတ်ပါလား။

"သမီးလေးရယ်...မေမေ မေမေစိတ်မကောင်းပါဘူး၊ဒီကောင် မိုက်ကလေးကို မေမေ ကောင်းကောင်း ဆုံးမလိုက်ပါတယ်ကွယ်၊ နောက်တစ်ခါ ဆိုရင်တော့ သူ့ကိုမေမေ တိုက်ပေါ်က နှင်ချလိုက်တော့မယ်"

"ကဲ..သက်မာလဲတိတ်တော့..တိတ်တော၊ မမေက မင်းမင်းကို ဆုံးမပြီးပြီပဲ"

သက်မာသည် လက်ခုံဖြင့်မျက်လုံးနှစ်ဖက်ကို ပွတ်နေစဉ်ဝေါခနဲ မောင်းထွက်သွားသော မော်တော်ဆိုင်ကယ်သံကို ကြားလိုက်ရသည်။

ဒေါ်မေဦးခင်သည် နောက်သို့ ချာခနဲ့လှည့်ကြည့်ပြီး မျက်နှာကြီးညိုမည်းသွားရှာ၏

"တွေ့လား..တွေ့လား ဒေါ်ကြွယ်၊ ဟို အမေကိုသတ်မဲ့ ငမိုက်သား ဒေါ်ပွသွားတာ"

ကိုယ်ကြီး ယိမ်းထိုး၍ လာသော ဒေါ်မေဦးခင်ကို အနီးတွင် ရှိနေသော ဒေါ်ကြွယ်က လှမ်းထိန်းထားလိုက်သည်။

သက်မာလည်း လူးလဲထကာ မိခင်ကိုဝင်ထိန်းထားလိုက်သည်။

"မမေ သတိထားနော်..သတိထား၊ မမေ မရှိရင် အားလုံးအခြေအနေက လုံချပစ်လိုက် သလို ဖြစ်သွားမယ်၊ ဒါကို ကြပ်ကြပ်သတိထားပါ"

"ဟုတ်...ဟုတ်ပါတယ် မေမေ၊ စိတ်ကိုလျှော့ချပြီ ခဏအနားယူလိုက်ပါ၊ ကိုလေးက ဒီလိုပဲ လုပ်တတ်တာ မေမေသိနေတာပဲ၊ လာ..လာ အိမ်ထဲ သွားကြစို့နော်..."

သက်မာနှင့် ဒေါ်ကြွယ်တို့သည် ဒေါ်မေဦးခင်ကို တစ်ဖက်စီတွဲကာ ထွင့်မှန်ရတနာသို့ ခေါ်ဆောင်လာခဲ့ကြသည်။

ဒေါ်မေဦးခင်သည် မှုန်ရီဝေးဝါးနေသော မျက်ဝန်းများဖြင့် ပတ်ဝန်းကျင်ကိုကြည့်ရင်း ကြင်နာသူများ တွဲခေါ်ရာ နောက်သို့ပါလာခဲ့ရသည်။

သက်မာသည် ဒေါ်မေဦးခင်ကို တိုက်ကျွေးရမည့် ဆေးတိုက်ကျွေးပေးပြီး ခုတင်ပေါ်တွင် နားနေစေလိုက်သည်။

မကြာမီဒေါ်မေဦးခင် အိပ်ပျော်သွားသည်။

သက်မာသည် သူ့အပေါ်တွင်အကြင်နာတရားပြည့်ဝစွာ ထားရှိသော မွေးစားမိခင်ကြီး၏ မျက်နှာကိုမျက်ရည် ဝိုင်းသောမျက်ဝန်းများဖြင့် ကြည့်နေ၏ ။

မေမေ့ကို သက်မာသံယောဇဉ်မတွယ်မိရင် အကောင်းသား။ ခုတော့ ...

သက်မာ၏ မျက်ဝန်းနှစ်ဖက်မှ ရစ်ဝဲနေသော မျက်ရည်များသွယ်ကျလာကြတော့သည်။

အလျဉ်မပြတ် စီးဆင်းနေသော စမ်းချောင်းလေးသို့တည်း။

*